အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

# ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA) ၏ တစ်နှစ်ပြည့် တပ်တော်နေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ

ရက်စွဲ။ ။၂၀၂၂ ခုနှစ် ဧပြီလ ၁၇ ရက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စစ်အာဏာသိမ်းသည့်အတွက်ကြောင့် မြန်မာနိုင်ငံရှိ လူငယ်အများစုအပါအဝင် လူထုအလွှာအသီးသီးမှ နည်းမျိုးစုံဖြင့် စစ်အာဏာသိမ်းယူသည့် စစ်အာဏာရှင်စနစ်အား ဆန့်ကျင်ခဲ့ကြသည်။ ထို့နောက်တွင် အမျိုးသမီးငယ်များနှင့် လူငယ်အများစုအား နည်းပေါင်းစုံဖြင့် ဖိနှိပ်သတ်ဖြတ်သည့်အတွက်ကြောင့် လူထုတော်လှန်ရေးတွင် တိုက်ပွဲဝင်ခဲ့ကြသော လူငယ်များမှ မိမိကိုယ်ကိုယ် ခုခံကာကွယ်နိုင်ရန် ရရာလက်နက်ကို ဆွဲကိုင်ကာ ဆက်လက်တိုက်ပွဲဝင်လာခဲ့သည်မှာ တစ်နှစ်ကျော် ရှိပြီဖြစ်သည်။ ထိုနည်းတူ ဘုံရည်မှန်းချက် တူသော လူငယ်များဖြင့် စုစည်းကာ ၂၀၂၁ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA)ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

BPLA သည်လည်း စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်မှန်သမျှကို တော်လှန်ပြီး ဖက်ဒရယ်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသားပြည်သူများနှင့်အတူကြိုးပမ်းလုပ်ဆောင်လျက်ရှိနေသည့်အပေါ် မိမိတို့မှ ဂုဏ်ယူ မှတ်တမ်းတင်လိုပါသည်။ စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေသော မဟာလူမျိုးကြီးဝါဒနှင့် ဖိုဝါဒကို တော်လှန်နိုင်မှသာလျှင် အနှစ်သာရပြည့်ဝသည့် တန်းတူရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံပေးနိုင်မည့် နိုင်ငံတော်အသစ်ကို ထူထောင်နိုင်မည်ဟု မိမိတို့မှယုံကြည်သည်။

BPLA သည် ထိုသို့ မဟာလူမျိုးကြီးဝါဒအပါအဝင် မတရားမှု မှန်သမျှကို တော်လှန်နိုင်ပြီး တန်းတူရေးကို အကောင်အထည်ဖော်ဆောင်နိုင်မည့် ဗမာလူမျိုးကိုယ်စားပြု တပ်တော်တစ်ခုဖြစ်ကြောင်း မိမိတို့မှယုံကြည်သည်။ ထို့ကြောင့် တန်းတူရေးကို ဖော်ဆောင်နိုင်ရန်အတွက် မိမိတို့အပါအဝင် မဟာမိတ်များနှင့်အတူလက်တွဲပြီး လိင်အခြေပြု ခွဲခြားဖိနှိပ်မှုမျိုးစုံအပါအဝင် လူမျိုးကြီးဝါဒနှင့် ဖိုဝါဒကြီးစိုးသည့်စနစ်ကိုတော်လှန်ကာ မိမိတို့မျှော်မှန်းချက်ဖြစ်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားနိုင်ပါစေကြောင်း ဤသဝဏ်လွှာဖြင့် ဂုဏ်ပြုအပ်ပါသည်။

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**